# အိပ်မက်ကြယ်



ခူး

# အခန်း(၁)

"ဟော့ ... တေမိမ ..."

သူမ စာကျက်နေရင်းကနေ သူ့ကို တစ်ချက် မော့ကြည့်လိုက်ကာ စာကို ပြန်ကျက် နေ လိုက်လေသည် ။ အရိပ်တစ်ခုက ချက်ချင်းပဲ သူမအနားသို့ ရောက်လာ၏။ လေပြည်လေးတွေ ဟာလည်း သူနဲ့ အတူ သူမနားသို့ ရောက်လာခဲ့ သလိုလို။

သူ သူမကို သေချာ ကြည့်နေမိ၏။ သူမကတော့ သူ့ကို တစ်ချက်လေးတောင်မှ မော့မကြည့်။ သူ သူမကို ကြည့်ကာ တစ်ချက်တော့ ပြုံးလိုက်မိလေသည် ။ စာဂျပိုးမလေး တွေ့မယ်။ သူ သူမလက်ထဲက စာအုပ်ကို ဆွဲလုလိုက်ကာ လက်ကို မြှောက် လိုက်လေသည် ။

"ဟာ ... နင် ဘာလုပ်တာလဲ ..."

သူမက အဲဒီတော့မှ မျက်နှာမော့လာကာ သူ့ဆီကနေ စာအုပ်ကို လိုက်လုတော့သည် ။ သူ မတ်တတ်ရပ်လိုက်ကာ လက်ကို မြှောက်ထားလိုက်၏။ သူက သူမထက် အရပ်ပိုရှည်တော့ သူမ ဘယ်လိုမှ မမီ။

"ကောင်း ... ပေးဟာ ငါ့စာအုပ် ..."

သူမ သူ့လက်ထဲက လုလို့ မရမှန်းလည်း သိရော မျက်နှာက ဆူပုပ်လာလေတော့သည် ။ ကောင်းကတော့ သူမကို ကြည့်ကာ သဘောကျစွာ ရယ်နေ၏။

"ကောင်း ... "

သူမအသံက ငိုတော့မယ့် အတိုင်းပင်။ မျက်မှန်အောက်က မျက်လုံးတွေကို ကောင်း အကဲခတ်လိုက် မိကာ စာအုပ်ကိုင်ထားတဲ့ လက်ကို ပြန်ချလိုက်၏။

"ဘယ်လို ဖြစ်ရတာလဲ တေမိမရယ် ... အဲလောက်ထိ စိတ်ဆိုးစရာ လိုလို့ လား ... ကြည့်ပါဦး ငိုတော့မယ့် အတိုင်းပဲ ... "

သူမ ကောင်းကို ဘာမှ ပြန်မပြောပဲ မျက်နှာကို တစ်ဖက်သို့ လှည့်သွားကာ

"ငါ ... "

ကောင်း သူ့ကို ကျောပေးထားတဲ့ သူမလက်ထဲသို့ စာအုပ်ကို ထည့်ပေးလိုက်ကာ

"ဆူး ... ငါ နင်နဲ့ ခင်ချင်တယ် ... နင် ဘာလို့ ငါ့ကို မခင်တာလဲဟင် ... "

"ငါ တစ်ယောက်ထဲပဲ နေချင်လို့ ... ငါ့ကို မနှောင့်ယှက်ပါနဲ့ ကောင်း ... "

သူမ လက်ထဲက စာအုပ်ကို ရင်မှာ ပိုက်ပြီး ကောင်းရှေ့ကနေ ပြေးထွက် သွားလေတော့သည် ။ ကျစ်ဆံမြီးလေး နှစ်ဖက်က သူမ ကျောအနောက်မှာ ယမ်းခါကာ နေလေတော့သည် ။ သူမရဲ့ ခြေသံနဲ့ အတူ သူမရဲ့ ပုံရိပ်လေးသည် လည်း သူ့အနားကနေ ပျောက်ကွယ် သွားတော့၏။

"ဆူးရယ် နင် ဘာလို့ များ ငါ့အပေါ်မှာ ဒီလောက်တောင် စိမ်းကား ရတာလဲဟာ ... "

သူမကျောပြင်ကို ငေးကြည့်ကာ သူ့ရင်ထဲမှာ အမည်မသိတဲ့ ဝေဒနာ တစ်ခုကို သတိထား လိုက်မိ၏။

"ကောင်း ... နင် သူ့ကိုသွားပြီး ပတ်သက် နေပြန်ပြီလား ... "

ကောင်း သူ့ဘေးနား ရောက်လာတဲ့ သူကို လှည့်ကြည့်လိုက်ကာ ခေါင်းညိတ်လိုက်ပြီး

"ငါ သူနဲ့ ခင်ချင်တယ်ဟာ ... "

"သူ့ကိုယ်သူ စာတော်တယ် ဆိုပြီး အလကား မာနကြီးနေတာ ... "

ကောင်း ခေါင်းယမ်း လိုက်ရင်းကနေ လေအဝေ့မှာ လွင့်ကျနေတဲ့ စိန်ပန်းတွေကို တစ်ချက် ကြည့်လိုက် လေသည် ။

" မဟုတ်ဘူး ဧကရီ ... ငါ ဆူးကို နားလည်တယ် ... "

ဧကရီ ဆူးထွက်သွားတဲ့ ဘက်သို့ ကြည့်ကာ မျက်နှာကို သိသိသာသာ မဲ့ပစ် လိုက်လေသည် ။ ကောင်း အမှတ်မထင် မြင်လိုက်မိပေမဲ့ မသိချင်ယောင် ဆောင်လိုက်မိ၏။

"ဆူးနဲ့ နင်လည်း သူငယ်ချင်းတွေပဲ မို့လား ... ငါ့ကို ဆူးနဲ့ မိတ်ဆက်ပေးပါလား ဧကရီ ... "

လေကြောင့် ဝဲလွင့်နေတဲ့ သူမဆံပင်တွေကို နားအနောက်သို့ ပို့လိုက်ကာ ဧကရီ ကောင်းကို ကြည့် လိုက်လေသည် ။

"သူနဲ့ ငါ သူငယ်ချင်းတွေပဲ ... ဒါပေမဲ့ ငါ နင်နဲ့ မိတ်ဆက် မပေးနိုင်ဘူး ကောင်း ... "

ဧကရီ့ စကားကို ကောင်း နားမလည်စွာ မျက်မှောင်ကြုတ် လိုက်လေသည် ။

"ဘာလို့ လဲ ... "

ဇေရီ တစ်နေရာသို့ လက်ညှိုးထိုးပြ လိုက်ကာ

"ဟိုမှာ Bio ဆရာကြီး ကြည့်နေတယ် ... "

ကောင်း ဇေရီလက်ညှိုး ညွှန်ပြရာ နေရာကို လှည့်ကြည့် လိုက်ကာ

"အဲဒါ ဘာဖြစ်လို့ လဲ ... "

"နင်တို့ နှစ်ယောက်ကို ဆရာကြီး ကြည့်နေတာ ကြာပြီ ... "

ဇေရီ့ စကားကို ကောင်းနားမလည်မိ။

"နင် ဘာပြောချင်တာလဲ ဇေရီ ... "

ဇေရီ ကောင်းကို အံ့သြစွာ ကြည့်လိုက်ကာ ဆံပင်တွေကို နားအနောက်သို့ သွင်းလိုက်၏။

"ငါလည်း မသိဘူးလေ ... ဆရာကြီးက နင်တို့ ကို တစ်မျိုးထင်သွားလို့ နေမှာ ပေါ့ ... ဆရာကြီးက အရိုက်ကြမ်းတာ နင်သိတယ်မို့လား ... "

"ကျွတ် ... ငါတို့ ဘာမှ ဖြစ်တာလည်း မဟုတ်ဘူး ... သူနဲ့ ခင်ချင်လို့ သူ့ဆီက ခွင့်တောင်းနေတာ ... "

ဇေရီ မကျေနပ်သလို ခနိုးခနဲ့ ရယ်လိုက်ကာ

"ဆောရီး ... ငါလည်း မကူညီနိုင်ဘူးဟာ ... "

ဇေရီ ကောင်းကို ကြည့်ကာ ပြောလိုက်တော့ ကောင်းရဲ့ မျက်နှာ သိသာစွာ ပျက်ယွင်း နေလေသည် ။ ဒါပေမဲ့ ဇေရီ့ကိုလည်း ဘာမှ ပြန်မပြောပဲ စိန်ပန်းပင်အောက်ကနေ ထွက်သွားလေ တော့သည် ။ ဇေရီ ကောင်းကို ခေါ်မလို့ ပါးစပ်ကို ပြင်လိုက်ပြီးတော့မှ မခေါ်တော့ပဲ ကြ

ည့်နေလိုက်မိသည် ။

ဩော် ... ကောင်းရယ် ... သူ့အကြောင်းကို ငါ့ထက် ဘယ်သူ သိမှာ မို့လို့ လဲ။ ဟင့်အင်း နင့်ကို သူနဲ့ မရင်းနှီး စေချင်ဘူး။ ငါ နင့်အကြောင်း ကိုလည်း သိတယ် ကောင်း ...။

"သမီး ... ဧကရီ ... "

Bio ဆရာကြီး အသံကြောင့် ဧကရီ လန့်သွားမိလေသည် ။ ဆရာကြီးက သူမကို လှမ်းကြည့်နေ၏။

"ဟုတ်ကဲ့ ဆရာကြီး သမီး လာပြီ ... "

ဧကရီ ဆရာကြီးဆီသို့ မြန်မြန် ပြေးသွား လိုက်လေသည် ။ ဒီကျောင်းက ဆရာတွေထဲမှာ ဆရာဦးတင်ထွန်းက ကျောင်းသားတွေ အပေါ်မှာ စည်းကမ်းတွေကို တင်းကြပ်ထားသည် ။ ယောက်ျားလေးနဲ့ မိန်းကလေး ကျောင်းစာနဲ့ မပတ်သက်ပဲ စကားမပြောရ။

သူချထားတဲ့ စည်းကမ်းတွေကို ချိုးဖောက်ရင် လက်စွဲတော် သေး သေးပါးပါး ဝါးခြမ်းပြားလေးနဲ့ ဆုံးမတတ်သည် ။ သေးသေးပါးပါး လေး ဆိုပေမဲ့ တစ်ချက် အရိုက်ခံ မိတာနဲ့ အရှိုးရာပါ ထင်တတ်တော့ ကျောင်းသားအားလုံးက ဆရာကြီးကို ကြောက်ကြသည် ။ ဆရာကြီးက ဒီကျောင်းမှာ ဒုတိယ ကျောင်းအုပ်တစ်ယောက် ဖြစ်တာကြောင့်လည်း ပါသေးသည် ။ ဒါပေမဲ့ ဧကရီက ဆရာကြီးနဲ့ အမျိုး မကင်းတော့ ဆရာကြီးက ဧကရီ့ကိုတော့ ချစ်ပါတယ်။

ခုနက ကောင်းနဲ့ ဆူးကို ဆရာကြီးကကြည့်နေတာဆိုတော့ ဧကရီ့ ကို ဘာပြောမလို့ လဲ မသိဘူး။ ဧကရီ မြန်မြန်လေး သွားလိုက်မိလေသ ည် ။

***

"ကဲ ပြောပါဦး ... မျက်ရည် ကျရတဲ့ အကြောင်းရင်းကို ... "

ဆူး စာအုပ်ကို ပိတ်လိုက်ကာ စာအုပ်ပေါ်မှာ မျက်နှာ မှောက် လိုက်လေသည် ။ ခဏနေတော့ သူမ ပခုံးလေးတွေ တသိမ့်သိမ့် လှုပ်လာတော့သည် ။ မုန့်ဈေးတန်းမှာ ကျောင်းသားတွေသာ ရှိတတ်ပေမဲ့ မုန့်စားကျောင်း ဆင်းချိန်က ဆယ်မိနစ်ပဲရတော့ လူက နည်းနည်းတော့ ရှင်းနေလေသည် ။

အိဖြိုး ဆူးရဲ့ ပခုံးကို ကိုင်လိုက်ကာ

"ဆူး ... နင် ဘာဖြစ် လာတာလဲဟာ ... ဒီမှာ ငါ ရင်တွေ ပူလွန်းလို့ပါ ... မုန့်စားကျောင်းဆင်းချိန် မုန့်ဈေးတန်းကို တစ်ခါမှ မလာဖူးတဲ့ နင်က ရောက်လာတယ် ဆိုတော့ မဟုတ်သေးပါဘူး ... ဘာဖြစ်လို့ လဲ သူငယ်ချင်း ... "

ဆူးက ဘာမှ မပြောပဲ ငိုပဲငိုနေတော့ အိဖြိုး ပိုပြီး စိတ်ပူသွားမိလေသည် ။ မျက်ရည်ပါကျတယ် ဆိုတော့ ဆူး သာမန်ကိစ္စတော့ မဟုတ်ဘူး ။

ကောင်း အချိုရည်ဘူး ဝယ်နေရင်းကနေ မျက်လုံးက အသုတ်ဆိုင်သို့ ရောက်သွားလေသည် ။

"ဟင် ... ဆူး ... "

သူ့ပခုံးကို ဖက်ထားတဲ့ သူငယ်ချင်းက ဆိုင်ရှင် ကောင်းကို လှမ်းပေး

နေတဲ့ အချိုရည်ဘူးကို ယူလိုက်ကာ

"ကောင်း ... ဘာတွေ ငေးနေတာလဲ ... "

ကောင်း ကြည့်နေတဲ့ နေရာသို့ သူတို့ တွေလည်း အကြည့် ရောက်သွားကာ

"သြော် ... မင်းရဲ့ တေမိမလေးကိုး ... ဘာဖြစ်နေတာလဲ မသိဘူး ... "

ကောင်း သွားဖို့ ပြင်လိုက်ရာ

"ဟိုမှာ Bio ဆရာကြီး ... "

ဆရာကြီးက သူ့ဆီသို့ တန်းတန်း လာနေလေသည် ။

"မင်းတို့ တွေ ဘာလုပ်နေတာလဲ ... အခုချိန်က ငါ့အချိန်နော် ... နောက်ကျလို့ ကတော့ မင်းတို့ ငါ့အကြောင်း သိတယ်မို့လား ... "

ချက်ချင်း ဆိုသလို မုန့်ဈေးတန်းမှာ လူတော်တော်လေး ရှင်းသွားခဲ့၏။ ကောင်းရဲ့ သူငယ်ချင်း နှစ်ယောက်က ကောင်းကို ဘေးတစ်ဖက်ဆီကနေ လက်ကို မသိမသာ ဆွဲကာ မုန့်ဈေးတန်းကနေ ထွက်သွား ကြလေသည် ။ ကောင်း သူမကို ကြည့်လိုက်တော့ သူမက မျက်နှာမော့လာပြီး သူမသူငယ်ချင်းနဲ့ စကားတွေ ပြောနေလေသည် ။

"မေမေလေ ... မေမေ ... "

ဆူးက ဆက်မပြောပဲ ရပ်ကာ ငိုနေတော့ အိဖြိုး ဆူးရဲ့ လက်ကို ဆုပ်ကိုင်လိုက်ကာ

"သူငယ်ချင်းရယ် ... ပြောလေ ငါ့ကိုမှ ရင်ဖွင့် မပြောရင် နင် ဘယ်သူ့ကို ပြောမှာ မို့လို့ လဲ ... "

ဆူးမျက်ရည်တွေကို သုတ်လိုက်ကာ စိတ်ထဲကနေပဲ ခေါင်းကို ရမ်းလိုက်မိသည် ။ အိဖြိုးက သူမရဲ့ အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက်။ နောက်ပြီး ညီအစ်မတွေလိုမျိုး၊ သူမရဲ့ နာကျင်မှုအားလုံးကို လွတ်လပ်စွာ ရင်ဖွင့်လို့ ရတဲ့ သူငယ်ချင်း တစ်ယောက်။ ဒါပေမဲ့ အိမ်တွင်းရေးကို သူမပြောလို့ ဖြစ်ပါ့မလား။ ရင်မဖွင့်ရင်လည်း ရင်ထဲက ဝေဒနာတွေက ပိုပြီး တိုးလာနိုင်သည် ။ ရက်စက်လိုက်တာ မေမေရယ်။

"သူငယ်ချင်း ဆူး ... "

ဆူး ခေါင်းကို မော့လာကာ မျက်ရည်တွေကို သုတ်လိုက်ပြီး

"အိဖြိုး ... ငါလေ ... အိမ်မှာ မနေချင်တော့ဘူးဟာ ... "

"ဟင် ... ဘာဖြစ်လို့ လဲ ဆူး ... "

တွေးမိတော့လည်း မျက်ရည်က အလိုလို ကျလာ၏။ ခရေပင်ကြီးအောက် ထိုင်နေပေမဲ့ သူမစိတ်က မကြည်လင်တော့ သူမ သိပ်ကြိုက်တဲ့ ခရေပန်းနံ့ကိုလည်း မရတော့ပေ။

"အန်တီ ဘာဖြစ်လို့ လဲ ဆူး ... "

"မေမေလေ ... မေမေ နောက်အိမ်ထောင် ပြုတော့မယ်တဲ့ ... ဟင့် ... ဟင့် ... ဟင့် ... "

"ဟင် ... ဘယ်လို ... "

ဆူး စကားကြောင့် အိဖြိုး အံ့သြ သွားလေတော့သည် ။

ဆူးကတော့ ငိုနေဆဲပင်။ ဆူးမေမေက ဆူးရဲ့ ဖေဖေဆုံးသွားကတည်းက ဆူးနဲ့ တူတူနေခဲ့တာ ဖြစ်သည် ။ အခုလို ကိစ္စမျိုး ရှိလာမယ်လို့ တောင်မှ အိဖြိုး မထင်မိခဲ့။ အခုတော့ ဘယ်လို ဖြစ်ရတာလဲ။

"ညည်းတို့ နှစ်ယောက်က ဘာလုပ်နေကြတာလဲ ... မုန့်စားကျောင်း တက်နေပြီမို့လား ... "

ဆရာကြီးရဲ့ အသံကြားတော့ ဆူး ပခုံးလေးတွေ တွန့်သွားမိလေသည် ။

"ဟင် ... ဆူးခက်လှော ... ငိုနေတာလား ... "

ဆူး ဆရာကြီးကို စကားမပြောရဲသဖြင့် ခေါင်းငုံ့နေမိ လိုက်တာလဲ။

"သမီးအိဖြိုး ... သူဘာဖြစ်တာလဲ ... "

အိဖြိုး ဘယ်လို ဖြေလိုက်ရမှန်း မသိ။ ဆူးက ဒီအကြောင်းကို ဘယ်သူ့မှ သိစေချင်မှာ မဟုတ်ဘူး ။ သူမတောင်မှ မနည်း မေးထားရတာ။

"သမီး ဘာမှ မဖြစ်ပါဘူးဆရာ ... ခေါင်းနည်းနည်း ကိုက်နေလို့ ပါ ... "

ဆရာကြီးက ဆူးကို ဂရုဏာသက်စွာဖြင့် ကြည့်လိုက်ကာ

"ဆယ်တန်းက အရေးကြီးတယ် ဆိုပေမဲ့ အဲလောက်ထိလည်း မလုပ်ပါနဲ့ သမီးရယ် ... သမီးက တစ်ကျောင်းလုံးမှာ အတော်ဆုံးပဲကို ... အန္တရာယ်ဖြစ်အောင် ထိတော့ မကြိုးစားပါနဲ့ ... ဆရာက စေတနာနဲ့ ပြောတာပါ ... "

"ဟုတ်ကဲ့ပါ ဆရာ ... သမီး ဆရာ့ကို ကျေးဇူးတင်ပါတယ် ... "

"ကဲ ... ကဲ ... ဆေးပေးခန်းကို သွားပြီး ဆေးသွား တောင်းသောက်လိုက် ... ပြီးမှ အခန်းထဲကို ပြန်လာခဲ့ ... "

"ဟုတ်ကဲ့ပါ ဆရာ ... "

အိဖြိုး ဆူးကို ခေါ်ကာ မုန့်ဈေးတန်းကနေ ထွက်လာလိုက်သည် ။

တစ်ကျောင်းလုံးက ပေးထားတဲ့ ဆူးရဲ့ နာမည်က တေမိမတဲ့ ။ စကားမပြောပဲ တစ်ယောက်ထဲ နေတတ်သူ။ နောက်ပြီး စာလည်း အရမ်းတော်တော့ ဆရာ၊ ဆရာမတွေက ချစ်ကြသလို တစ်ကျောင်းလုံးကလည်း သူမကို သိကြသည် ။

ပါဝါထူ မျက်မှန်ဝိုင်းဝိုင်းကြီးတွေ အောက်က မျက်ဝန်းအစုံဟာ အမြဲလိုလို ကြောက်ရွံ့အားငယ် နေတတ်သည် ။ ဒါပေမဲ့ စာနဲ့ ပတ်သက်လာရင်တော့ သူမရဲ့ သတ္တိတွေ ဘယ်ကဘယ်လို ထွက်လာမှန်းမသိ။ တချို့က သူမကို စာတော်လို့ အားကျကြသလို တချို့ကတော့ သူမကို မာနာကြီးတယ်လို့ ဆိုကာ အမြင်မကြည်တဲ့ သူတွေလည်း ရှိကြသည် ။ မနာလို ဝန်တိုသူ များ ပေမဲ့လည်း သူမ မသိခဲ့သလို ဂရုလည်း မစိုက်ခဲ့။ သူမဂရုစိုက်တာဆိုလို့ စာတစ်မျိုးထဲသာ ရှိသည် ။ သူမဘဝမှာ အလင်းရောင် ဆိုလို့ စာတစ်မျိုးထဲသာ ရှိခဲ့တာ။ အဲဒါကြောင့်လည်း သူမ စာကို ကြိုးစားခဲ့တာပေါ့။

***

# အခန်း(၂)

"ယုရဲ့ သမီးလေးက ယုရဲ့ စကားကို နားထောင်ပါတယ် ကိုမောင်ရယ် ... "

"ကိုမောင် စိုးရိမ်နေတာက သမီးလေး ကိုမောင့်ကို လက်မခံမှာ ကိုပဲ ... "

ဆူး အိမ်ရှေ့မှာ တင်ပဲ ခြေလှမ်းတွေ တန့်သွားမိလေသည် ။

"သမီးလေးက သိပ်လိမ်မာတာ ကိုမောင်ရဲ့ ... ယုကိုလည်း သိပ်ချစ်တာ ... "

ထို့နောက် ရယ်မောသံတွေကို နားခါးစွာ ကြားလိုက် ရမိပြန်သည် ။ ဆူး ငိုချင်လာမိ၏။ ဖေဖေဆုံးသွားတာ ငါးနှစ် ကျော်သွားခဲ့ပြီ။ ဖေဖေ မရှိတော့တဲ့ အချိန်ကတည်းက ဆူးဘဝက အထီးကျန်ခဲ့တာပါ။ မေမေက ဆူးကို နွေးထွေးစွာ ဂရုစိုက်ပေမဲ့လည်း အလုပ်တစ်ဖက်နဲ့ ဆိုတော့ အချိန် သိပ်မပေးနိုင်ခဲ့ပါ။ ဆူး နားလည်စွာနဲ့ မေမေ့ကို ဘာမှ မပြောခဲ့ပဲ တစ်ယောက်ထဲ အချိန်တော်တော်များကို တိတ်ဆိတ်စွာ ဖြတ်သန်းခဲ့တာပဲ။ ဒါပေမဲ့ မေမေ အခုလို နောက်အိမ်ထောင် ပြုလိမ့်မယ် လို့ တော့ ဆူး မထင်ခဲ့မိတာ အမှန်ပါ။ မေမေ ကိုယ်တိုင်က နောက်အိမ်ထောင် မပြုတော့ဘူးလို့ ပြောခဲ့တာလေ။ အခုတော့ ...

"နောက်ပြီး ကိုမောင့်မှာ ကလည်း ... "

"ကိုမောင်ရယ် ... အဲဒီကလေးက ကိုမောင့် သားအရင်းမှ မဟုတ်တာ ... "

"ဒါပေမဲ့လည်း ဆွေမျိုးမှ မကင်းတာ ယုရယ် ... ကိုမောင့်မှာ စောင့်ရှောက်ရမယ့် တာဝန်ကလည်း ရှိနေတယ် ... "

"အဲဒီကလေးနဲ့ ပတ်သက်ပြီး ယု မကန့်ကွက်ပါဘူး ကိုမောင် ... သူက ထားရဲ့ ကလေးပဲဟာ ... "

ဆူး လက်ထဲက ထမင်းချိုင့် ဆွဲခြင်းတောင်မှ လွတ်ကျတော့မလို။ နောက်ကို ခြေတစ်လှမ်း ဆုတ်လိုက်ပြီးမှ ခေါင်းကို ရမ်း လိုက်လေသည် ။ အခုရှောင်လို့ ရပေမဲ့ နောက်ဆို ရှောင်လို့ ရမှာ မှ မဟုတ်တာ။ ဆူး ဆွဲခြင်းကို တင်းတင်း ဆုပ်ကိုင်လိုက်ကာ အိမ်ထဲသို့ ဝင် လိုက်လေသည် ။

"ဟော ... သမီးလေးတောင် ပြန် လာပြီပဲ ... လာ သမီး မေမေ့ဆီ လာပါဦး ... "

ဘယ်နေရာမဆို ပျော့ညံ့ကာ နာခံလွယ်တဲ့ စိတ်ကြောင့် ဆူး မေမေ့ အနားသို့ ရောက်သွား လေသည် ။ မေမေ့ဘေးက လူကြီးက သူမကို နွေးထွေးစွာ ပြုံးပြနေပေမဲ့ ဆူး ပြန်မပြုံးပြမိ။ မေမေဘေးမှာ ထိုင်လိုက်တော့ မေမေက ဆူးလက်ကို ဆုပ်ကိုင်လိုက်ပြီး

"မေမေတို့ ဒီနေ့ တရားရုံးမှာ လက်မှတ်ထိုးပြီး ဘုန်းကြီးကျောင်းမှာပဲ မင်္ဂလာဆွမ်း ကျွေးခဲ့တယ် သမီး ... သမီးမလိုက်ချင်မှန်း သိလို့ မေမေ မခေါ်တော့တာ မေမေ့ကို စိတ်မဆိုးနဲ့ နော် ... "

ဆူး ငြိမ်သက်စွာ ဘာမှ ပြန်မပြောမိ။ ခေါင်းထဲမှာ တွေးနေတာက ဒီနေရာကနေ အမြန်ဆုံးထွက်သွားပြီး ကိုယ့်အခန်းရဲ့ ရေချိုးခန်းထောင့်

လေးမှာ ပဲ တိတ်တဆိတ် ငိုကြွေး ချင်မိတာပါပဲ။

"ရပါတယ် ... မေမေ့ သဘောပါပဲ ... ဆူးလည်း ဘယ်မှ မသွားချင်ဘူး ... "

မေမေ့ အပြုံးတွေဟာ ဖေဖေ ရှိတုန်းကလိုပင် ကြည်လင် ရွှင်လန်းနေလေသည် ။ မေမေ ဘာလို့ ဒီလူ့ကို ယူတာလဲ။ ဖေဖေ့ လိုမျိုးပဲ မေမေက ဒီလူ့ကို ချစ်လို့ လား။ အချစ်ဆိုတာ ကရော ဘာလဲ။ ဆူးမသိဘူး။ ဆူး အခု မေမေ့ကို ကြည့်ပြီး ဖေဖေ့ကို သိပ်လွမ်းတာပဲ သိတယ်။

"သမီးလေးကို ကိုမောင်နဲ့ မိတ်ဆက်ပေးမယ်နော် ... "

"ကိုမောင် ကိုယ်တိုင်ပဲ သမီးလေးနဲ့ မိတ်ဆက် လိုက်မယ်လေ ယု ... "

မေမေက ပြုံးရွှင်စွာဖြင့် ထိုလူ့ကို ကြည့်လိုက်ကာ

"ကောင်းသားပဲ ... ကိုမောင်နဲ့ ရင်းနှီးမြန်တာပေါ့ ... "

"သမီးလေးဆူး ... ဦးနာမည်က ဦးမောင်မောင်တာလို့ ခေါ်တယ် ... ဦးကို သမီးလေး ကြိုက်သလိုခေါ်နော် ... သမီးမေမေလို ဦးကိုမောင်လို့ ခေါ်လည်း ရပါတယ် ... "

ဆူးကို ဖော်ရွေစွာ နှုတ်ဆက်စကား ပြောနေပေမဲ့လည်း ဆူးရဲ့ အသိစိတ်မှာ တော့ သူစိမ်း တစ်ယောက်ပါပဲ။ အဲဒီထက် ဆိုးတာက ဖေဖေ့နေရာမှာ အစားမထိုး နိုင်တာပဲ။

"သမီးလေး ... ပြောနေတယ်လေကွယ် ... "

ဆူး မေမေ့ကို ကြည့်လိုက်ပြီး

"ဟုတ်ကဲ့ပါ မေမေ ... ဆူး ဦးကိုမောင်လို့ ပဲ ခေါ်မှာ ပါ ... ဘာလို့

လဲဆိုတော့ ဆူး ဖေဖေ့နေရာမှာ ဘယ်သူ့ကိုမှ အစား မထိုးနိုင်လို့ ပါ ...
"

"ဟင် ... ဆူး ... ဘယ်လို ပြောလိုက်တာလဲ ... "

မေမေ့မျက်နှာက စောစောတုန်းကလို ပြုံးရွှင် မနေတော့ပဲ တည်တန့်သွားလေသည်။

"ယုကလည်း သမီးလေးပြောတာ မှန်နေတာပဲလေ ... ရတယ် သမီးလေး ... သမီးလေး အဆင်ပြေသလိုသာ ခေါ်နော် ... ဦးမောင်က ကိစ္စ မရှိပါဘူး ... "

"ဒါဆို ဆူးသွားတော့မယ် မေမေ ... အိမ်စာတွေ ပါလာလို့ ပါ ... "

"ခဏနေ မေမေ ... သမီးအခန်းထဲ လာခဲ့ဦးမယ် ... "

"ဟင့်အင်း ... ဆူး ဒီည စောစော အိပ်မှာ မို့လို့ မေမေ မလာပါနဲ့တော့ ... "

"သမီး ... ဒီနေ့ ဘယ်လို ဖြစ်နေတာလဲ ... "

ဆူး မတ်တတ်ရပ်လိုက်ကာ

"ဆူး ဘာမှ မဖြစ်ပါဘူး ... နောက်ပြီး ဒီနေ့ ဆူး နည်းနည်း ပင်ပန်းနေလို့ မေမေ ... "

မေမေက ချက်ချင်းပဲ စိုးရိမ်သွားကာ မတ်တတ်ရပ်လိုက်ပြီး ဆူးရဲ့ နဖူးကို စမ်း လိုက်လေသည်။

"သမီး နေမကောင်းလို့ လား ... ကိုယ်က နွေးနွေးကြီး ဖြစ်နေတာပဲ ... ဆေးခန်းသွားရအောင် ... "

"ရတယ် မေမေ ... ဆူး နားလိုက်ရင် သက်သာသွားမှာ ပါ ... "

ဆူး မေမေတို့ ရှေ့ကနေ မြန်မြန် ထွက်လာလိုက်ပြီး အိမ်ပေါ်သို့ တက်လာခဲ့လေသည် ။ ဝဲနေတဲ့ မျက်ရည်က ဘယ်လိုမှ ထိန်းလို့ မရတော့ဘူး။ မျက်မှန်ကာ နေလို့ သာ မေမေတို့ မရိပ်မိကြတာ။ ဆူး ဖေဖေ့ကို သတိရပြီး ငိုချင်နေခဲ့တာ ကြာနေပြီ။

အခန်းထဲ ရောက်တော့ တံခါးကို လော့ချလိုက်ကာ လွယ်အိတ်ကို စားပွဲပေါ် တင်လိုက်ပြီး စားပွဲပေါ်က မှန်ဘောင်လေးနဲ့ ဆူးတို့ မိသားစု ဓာတ်ပုံကို ယူကိုင် လိုက်လေသည် ။ ထို့နောက် ရေချိုးခန်းထဲသို့ ဝင်လိုက်ကာ တံခါးကို ပိတ်လိုက်ပြီး ရေချိုးခန်း ထောင့်လေးမှာ ထိုင်လိုက်၏။ ဖေဖေ့ရုပ်ပုံလွှာကနေ အကြည့်ကို မခွာမိ။ မျက်ရည်ကလည်း ကျလာတော့သည် ။

"လွမ်းလိုက်တာ ဖေဖေရယ် ... ဆူးလေ ... ဖေဖေ့နေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးနိုင်ဘူး ... ဆူး ဦးကိုမောင်ကိုလည်း ဖေဖေ့လိုမျိုး သဘောမထားနိုင်ဘူး ... မေမေ ရက်စက်လိုက်တာ ဖေဖေရယ် ... "

ဓာတ်ပုံထဲက ဖေဖေကတော့ ပြုံးနေလေသည် ။

"ဒါပေမဲ့ ဆူး မေမေ့ ဆန္ဒတွေကို မဟန့်တားဝံ့ပါဘူး ဖေဖေရယ် ... ဆူးက အဲဒီလူကို ဖေဖေ့နေရာမှာ အစားမထိုးနိုင်ပေမဲ့ မေမေက ဘာလို့ သူ့ကို ဖေဖေ့နေရာမှာ အစားထိုးနိုင်ရတာလဲ ... မေမေ ဖေဖေ့အပေါ်မှ ရက်စက်တယ်လို့ ဖေဖေရော မထင်ဘူးလား ဖေဖေ ... ဆူးကတော့ အဲလိုပဲထင်တယ် ... "

ဆူး မျက်မှန်ကို ချွတ်လိုက်ကာ မျက်ရည်တွေကို သုတ်လိုက်မိသည် ။ အထီးကျန်လွန်းတဲ့ ဘဝမှာ သူစိမ်းလိုလူတွေနဲ့ ဘယ်လို အသက်ရှင်ရမလဲ။ ဘဝဆိုတာ အခုလိုမျိုးပဲလား။ အရာအားလုံး ပြည့်စုံတယ်ဆိုတာ မရှိဘူးလား။ ရှိနေတဲ့ အရာတွေ အားလုံးဟာ မတည်မြဲဘူး ဆိုတာကို ဖေ

ဖေ မရှိတော့ကတည်းက ဆူး သိခဲ့တာပါ။ နောက်ထပ် ဆုံးရှုံးစရာ မရှိ တော့ဘူးလို့ ထင်ခဲ့ပေမဲ့ မေမေ့ကိုလည်း ဆူးဘဝထဲကနေ တခြားဘဝ ထဲကို စွန့်လွှတ် ပေးရတော့မှာ လား။ အဲဒါဆို ဘာလို့ များ ပိုင်ဆိုင်ခွင့် တွေ ပေးခဲ့တာလဲ ကံကြမ္မာကြီးရယ်။

မုန်းတယ် ... အရာအားလုံးကို သိပ်မုန်းတယ်။ တွေးလိုက်မိတိုင်း အသက်ရှူရခက်သွားပြီး ချက်ချင်းပဲ ပျောက်ကွယ် သွားတော့မလို ခံစား ရသည် ။ အဲလို ပျောက်ကွယ်သွားရင်လည်း ကောင်းတာပဲ။ အနည်း ဆုံးတော့ အခုလိုမျိုး တစ်ယောက်ထဲ ကြိတ်ငို မနေရတော့ဘူးပေ့ါ။ အခု တော့ အားလုံး ပျော်ရွှင်နေချိန်မှာ ကိုယ်တစ်ယောက်ထဲ အရူးလိုမျိုး ကြိ တ်ငိုနေရတယ်။ လောကကြီးကပဲ မတရားတာလား။ ကိုယ်ကပဲ ကံဆိုး နေခဲ့လို့ လား။ ဒါပေမဲ့လည်း ရင်ထဲမှာ တော့ အမာရွတ်တွေ ထင်ကျန်ခဲ့ ရပြီ။ ဖေဖေရယ်.. ဆူးကို ဘာလို့ ဖေဖေနဲ့ အတူတူ တစ်ခါထဲ ခေါ်မသွားရတာလဲ။ ဆူး မနေချင်တော့ဘူး။

"ဒေါင် ... ဒေါင် ... ဒေါင် ... "

သောကြာနေ့ဆိုတော့ အတန်းစီရသည့်နေ့။ အလံတိုင်ရှေ့မှာ တစ် ကျောင်းလုံးက ကျောင်းသားတွေ နိုင်ငံတော် အလံကို အလေးပြုနေကြ လေသည် ။

"စည်းကမ်းဟူသည် လူ့တန်ဖိုး ဆိုတာကို တပည့်တို့ နားလည်ကြရဲ့ လား ... "

ကျောင်းအုပ်ဆရာကြီးက မိန့်ခွန်း ပြောကြားနေသဖြင့် ကျောင်းသား တွေ အားလုံး ငြိမ်သက် နေကြသည် ။

"ဟုတ်ကဲ့ နားလည်ပါတယ် ဆရာကြီး ... "

နှစ်ယောက်တစ်တွဲ စီရသဖြင့် ဆူးနဲ့ ဧကရီက တစ်တွဲ။ ဒီနေ့ အဲဖြိုးက နေမကောင်းလို့ ခွင့်ယူထားသည် ။ ဆူး ခေါင်းကို ငုံ့ထားမိ၏။ ဧကရီ ဆူးကို ကြည့်လိုက်ပြီး

"ဆူး ... ဘာဖြစ်လို့ လဲ နေမကောင်းလို့ လား ... "

ဆူး ဧကရီ့ကို ကြည့်လိုက်ကာ ခေါင်းယမ်း လိုက်ပြီး

"ဟင့်အင်း ... ဘာမှ မဖြစ်ဘူး ဧကရီ ... "

ဧကရီ ဆက်မပြောပဲ နိုင်ငံတော် သီချင်းဆိုရတဲ့ အလံတိုင်ရှေ့က ကျောင်းသားတွေဆီကို ရောက်သွားလေသည် ။ နိုင်ငံတော် သီချင်းဆိုရတဲ့ ကျောင်းသားငါးယောက်ထဲမှာ ကောင်းနဲ့ သူ့သူငယ်ချင်းနှစ်ယောက်လည်း ပါကြ၏။ ဧကရီ ကောင်းကို ကြည့်လိုက်တော့ ကောင်းက ဆူးကို ကြည့်နေလေသည် ။ ဧကရီ မျက်နှာ ပျက်သွားကာ

"ဆူး ... ငါတို့ နေရာ လဲရအောင်နော် ... နင့်ဘက်က နေပူနေသလိုပဲ ... နင့်ကြည့်ရတာ နေသိပ် မကောင်းသလိုပဲ ... "

ဆူးနေတဲ့ နေရာက နေထိုးနေတာ အမှန်ပင်။ ဆူး နေရောင်ကို မခံရဲခဲ့။ မျက်လုံးတွေ ကျိန်းစပ် နေတတ်သည် ။ ဆူး ဧကရီ့ကို ကျေးဇူးတင်မိသွား၏။

"ကျေးဇူးပါ ... ဧကရီ ... "

"ရပါတယ် ဆူးရယ် ... ငါတို့ က သူငယ်ချင်းတွေပဲ ... "

ဧကရီပြုံးလိုက်ကာ နေရာချင်း လဲလိုက်ပြီး ကောင်းကို ကြည့်လိုက်တော့ ကောင်းက နေရာချင်း လဲသွားတဲ့ ဆူးကို လိုက်ကြည့်နေ၏။ ဧကရီ မကျေနပ်စွာ နှုတ်ခမ်းကို ကိုက်လိုက်မိ၏။

"ကျောင်းသားတွေဟာ စာတစ်မျိုးထဲ တတ်ရုံနဲ့ မလုံလောက်ဘူး တပည့်တို့ ... ကျောင်းရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ အဲဒီ သုံးမျိုးလုံးနဲ့ ကိုက်ညီ ပြည့်စုံမှ သာ ကျောင်းသားလို့ ခေါ်ဆိုထိုက်တာ တပည့်တို့ သိရဲ့ လား ... "

"ဟုတ်ကဲ့ ... သိပါတယ် ဆရာကြီး ... "

ဆူးကို မတွေ့ရတော့ ကောင်း စိတ်ပျက် သွားမိလေသည် ။ ဘာလို့ ဇကရီနဲ့ နေရာချင်း လဲလိုက်ရတာလဲ။ သူ့မှာ ဆူးကို အရိပ်တကြည့်ကြည့်နဲ့ လိုက်ကြည့် နေခဲ့တာ။ ဒီနေ့ ဆူးရဲ့ မျက်နှာ မကောင်းတာကို သူမနက်ကတည်းက သတိထားခဲ့မိသည် ။ ဆူး ဘာဖြစ်လို့ များ လဲ။ နေ့လည် ဆူး စာကြည့်တိုက်ကို သွားရင်တော့ သူ ဆူးနဲ့ စကားပြောခွင့် ရအောင် ကြိုးစားမယ်။

"ဂူး ... ဂူး ... "

ဆိုင်ကယ်တစ်စီးရဲ့ ပြင်းထန်တဲ့ အကြည့်ကြောင့် အားလုံးရဲ့ အကြည့်တွေဟာ ကျောင်းရှေ့သို့ ရောက်သွားကြလေသည် ။ ဆိုင်ကယ် တစ်စီးက ကျောင်းဝိုင်းထဲသို့ တည့်တည့် ဝင်လာခဲ့သည် ။ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

ကျောင်းအုပ်ဆရာကြီး ဘေးမှာ မတ်တတ်ရပ်နေတဲ့ ဒုကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်း ထိုဆိုင်ကယ်ဆီသို့ ချက်ချင်း ရောက်သွားလေသည် ။

ကောင်း လှမ်းကြည့်လိုက်တော့ MSX အမျိုးအစား ဆိုင်ကယ်တစ်စီးက ဆရာကြီးရှေ့မှာ ရပ်သွားသည် ။ အဖြူအစိမ်း ဝတ်ကာ ဆိုင်ကယ်ဦးထုပ် ဆောင်းထားတဲ့ လူတစ်ယောက်။ မျက်နှာကို ဦးထုပ်ကို ဖုံးထားတော့ မမြင်ရပေ။

"မင်း ဘယ်သူလဲ ... ဆိုင်ကယ်ပေါ်က ဆင်းခဲ့စမ်း ... "

ဆရာကြီး ပြောလိုက်တော့ အဲဒီလူက ဆိုင်ကယ်ဦးထုပ်ကို ချွတ်ကာ ဆရာကြီးကို ကြည့် လိုက်လေသည် ။ ဟင် ... သူတို့ နဲ့ ရွယ်တူပဲ။ ဒါဆို ကျောင်းသားပဲလား။

"ကျွန်တော့် နာမည်က မင်းမာန်အောင်ပါ ... "

ဆရာကြီးက သူ့ကို မျက်မှောင်ကြုတ်ပြီး သေချာ ကြည့်လိုက်ကာ

"ဒီကျောင်း ကျောင်းသားလား ... "

ပုံစံက ရွတ်တွတ် ဂျစ်ကန်ကန်ပုံစံ။ ဆရာကို တွေ့တာတောင် လက်ပိုက် ရမှန်းမသိတော့ ဦးတင်ထွန်း စိတ်တိုသွားမိ လေသည် ။

"မဟုတ်ပါဘူး ... ကျွန်တော် ဒီနေ့မှ စတက်မယ့် ကျောင်းသားသစ်ပါ ... "

"ဘာ ... မင်းမိဘတွေကရော ... "

ကျောင်းသားက မျက်နှာပျက်သွားကာ

"မရှိကြတော့ဘူး ... "

"မင်းက ဆယ်တန်းလား ... "

"ဟုတ်ကဲ့ ... "

"ကောင်းပြီလေ ... မင်းက ဒီနေ့မှ ကျောင်းစတက်မှာ ဆိုတော့ ဒီကျောင်းရဲ့ စည်းကမ်းတွေကို ပြောပြထားမယ် ... နံပါတ်တစ် ကျောင်းသား ဆိုင်ကယ်စီးခွင့် မရှိဘူး ... နံပါတ်နှစ် အတန်းစီတဲ့ နေ့ ကျောင်းနောက်မကျရဘူး ... နံပါတ်သုံး စည်းကမ်း အားလုံးကိုလိုက်နာရမယ် ... "

ကျောင်းသားရဲ့ မျက်နှာက နည်းနည်းတော့ တည်သွားလေသည် ။

"ဟုတ်ကဲ့.."

"အခု မင်းကြောင့် အတန်းစီတာ အနှောင့်အယှက် ဖြစ်သွားပြီ ... အဲ တော့ မင်းမှာ အပြစ်ရှိတယ် ... မင်းအပြစ်အတွက် ဆယ်တန်းဆောင်ရဲ့ ယောက်ျားလေး အိမ်သာတွေကို သန့်ရှင်းရေး လုပ်ရမယ် ..."

"ဗျာ ... "

မာန် စိတ်ပျက်သွားမိကာ မျက်နှာကို ရှုံ့မဲ့ ပစ်လိုက်မိသည် ။ ကျွတ် ... ကျောင်းသားအသစ်ကို အဲလောက်ထိ အပြစ်ပေးစရာလား။ ဒီကျောင်း နဲ့ သူ ဘယ်လိုမှ အဆင်ပြေမှာ မဟုတ်ဘူး ။ ဒီကျောင်းကို ပြောင်းရမယ် ဆိုကတည်းက သူ ဒီကျောင်းအကြောင်း စုံစမ်းထားပြီးလား။ စည်းကမ်း တင်းကြပ်လွန်းတယ် ဆိုတော့ သူ မပြောင်းချင်ခဲ့။ ဒါပေမဲ့လည်း ဦး လေး တာဝန်ကျရာ လိုက်ရတာ ဆိုတော့လည်း သူ့မှာ မငြင်းဆန်နိုင်ခဲ့။

"ဘာလုပ်နေတာလဲ ... သွားလေ ... လွယ်အိတ်ချွတ်ပြီး ပေးခဲ့ ... သန့်ရှင်းရေး လုပ်ပြီးရင် ရုံးခန်းထဲ လာပြီး လွယ်အိတ် လာယူ ... ကြား လား ... "

"ဟုတ်ကဲ့ပါ ဆရာ ... "

မာန် လွယ်အိတ်ကို ချွတ်လိုက်ကာ သူ့ရှေ့က ဆရာရဲ့ လက်ထဲကို ပေး လိုက်လေသည် ။

ဟိုကောင်တွေ ပြောပုံအရဆို ဒါ ဦးတင်ထွန်းဆိုတဲ့ ဆရာပဲနေမှာ ။ Bio သင်တာဆိုတော့ သူနဲ့ တွေ့ရဦးမှာ ပဲ။ ကျွတ် ... မဖြစ်ဘူး ... ဒီကျောင်းမှာ တော့ သူ မနေနိုင်ဘူး။ သူ့အကြည့်တွေက ကျောင်းသား တွေဆီသို့ ရောက်သွားလေသည် ။ အားလုံးရဲ့ အကြည့်တွေက သူ့ဆီမှာ

သာ ရှိနေကြသည် ။ အားလုံးထဲမှာ မှ သူသတိထား လိုက်မိတဲ့ ပုံရိပ်လေးတစ်ခု။ သူ့ကို ကြည့်နေတာ မဟုတ်ပဲနဲ့ သူ ဘယ်လိုလုပ်ပြီး သတိထားမိသွားမှန်းမသိ။ မျက်မှန်လေးနဲ့ ပဲ … မှန်ကြောင်မလေးပေါ့။ စာတော်တယ် ထင်တယ်။ မာန် ပြုံးလိုက်မိကာ ဆယ်တန်းဆောင် ဘက်သို့ ထွက်သွားလေသည် ။

ကောင်းအကြည့်တွေက ဆူးဆီကနေ မခွာမိခဲ့။ ဆူးကတော့ ခေါင်းငုံ့ထားဆဲ။

ကျောင်းသား အသစ်ရဲ့ ပုံစံကိုလည်း သူ သဘောမကျမိ။ ပုံစံက ဆရာ ဦးတင်ထွန်းကိုတောင်မှ မထိမဲ့မြင် ပုံစံ။ ဒီကျောင်းမှာ နေရင်တော့ ဆရာ့ပုံစံကို သူသိလာမှာ ပါပဲ။ နောက်ဆိုရင် သူ ပုံစံကျသွားမှာ သေချာတယ်။ ဆရာက အဲလိုလူမျိုးပဲ။ အရေးထဲ ဇေကရီက ဆူးကို ပိတ်နေတော့ သူ ဆူးကို မနည်း လိုက်ကြည့်နေမိသည် ။ ကျောင်းအမြန်ဆင်းချင်နေပြီ။ အဲဒါမှ စာကြည့်တိုက်ထဲမှာ ဆူးကိုတွေ့ရမှာ ။ ဆူးကို စကားတွေ အများကြီး ပြောချင်တယ်။ သူ့အသံကြားတာနဲ့ ထွက်ပြေးသွားမှာ လည်း ကြောက်တယ်။ တစ်ခန်းထဲ အတူတူ ဆိုပေမဲ့ စကားပြောဖို့ တခါမှ အခွင့်အရေးမရခဲ့။ ခင်ချင်တာတောင် ခင်ခွင့်မပြုတာ သူမက ဘယ်လို လူမျိုးလဲ။ အမြဲလိုလို တစ်ယောက်ထဲ တွေ့ရတတ်တဲ့ သူမကိုကြည့်ရတာ ငြိမ်းချမ်းပေမဲ့လည်း အထီးကျန် ဆန်လွန်းတယ်လို့ သူထင်မိသည် ။ သူမက ဘာလို့ တခြားကျောင်းသူတွေနဲ့ မတူရတာလဲ။ ဇေကရီနဲ့ အိဖြိုးဆို သူမရဲ့ သူငယ်ချင်းတွေပဲ။ ဒါပေမဲ့ နေပုံထိုင်ပုံက တခြားစီ။ သူ ဆူးကို လန်းလန်းဆန်းဆန်း တက်တက်ကြွကြွ နေနေတာကို မြင်ချင်မိတယ်။ သူသာ အဲလို လုပ်ပေးနိုင်ခဲ့ရင် ဘယ်လောက်တောင် ကောင်းမလဲ။ အဲဒါဆို ပြုံးနေတဲ့ ဆူးရဲ့ မျက်နှာလေးကို သူ မြင်ခွင့်ရမှာ ပဲ။ သူ ဆူးရယ်တာကို တစ်ခါမှ မမြင်ဖူးခဲ့။ တစ်ခါလောက်ပဲ မြင်တွေ့ချင်မိ လိုက်

တာနော် … ။

***